## သင်ခန်းစာ (၂)

## “သခင်ဘုရား၏ညစာ” –“စားသောက်ပွဲတော်(သို့)ငတ်မွတ်ခေါင်းပါးမှု”
## (The Lord’s Supper-Feast or Famine)

ဤအစာသည် ကြုံရာစားစရာ (သို့) နောက်ပြောင်သည့် သဘောဖြင့်လည်း “ထောက်ပံ့ကြေး” ဟုပြောဆိုသည်။ ယူဆောင်လာသည့် အစားအစာကိုအယောက်စီတိုင်းပါဝင်သုံးဆောင်ကြရသည်။ ရာသီဥတုသာယာချိန်မှာ စားပွဲခုံကိုအပြင်ထုတ်အရှည်ကြီးဆက် စပ်စပ်လျှက်အားလုံးသောအစာများကို နေရာချထားကြသည်။ နို့မလိုင်အပြည့်ပါသည့် ရေခဲမုန့်တော့သောက်စားပွဲဘေးမှာချထားလေ့ရှိသည်။ ပတ်လည်မှာ ကလေးငယ်များပြေးဆော့ကစားကစားနေကြသည်။ သူတို့လေးတွေဟာ ပျော်ရွှင်ခြင်းအပြည့်အဝနှင့်အစာစားရန် တိုက်တွန်းသောမိဘများ၏အနားပတ်လည်မှာပါ။ ကျေးဇူးတော်ချီးမွမ်း၍အပြီးမှာတော့ လူတွေဟာတန်းစီပြီး ရယ်ရယ်မောမောနှင့်စကားပြောရင်းဆိုရင်း သူတို့၏ဝန်ထုပ်ဟာသူတို့ပန်းကန်နှင့်အတူရှိသည့်အစားအစာဖြစ်သည်။ သူတို့၏အလယ်မှအစားအစာနှင့်အတူ တစ်ခုချင်းချထားလျှက်ပေါင်မုန့်လုံးနှင့်နောက်ထည့်စရာအိတ်ကြီးထဲမှာ စပျစ်သီးများရှိသေးသည်။အစေခံသည့် နည်းအတိုင်းယုံကြည်သူတဦးချင်း ဖျော်ရည်ဝိုင်နှင့်မုန့်တို့ကိုသုံးဆောင်ရကြသည်။

ပို၍ငယ်ရွယ်သူလူကလေးများကိုတော့ နေရာလေးတခုမှာစားပွဲခုံတလုံးနှင့်နေရာယူစားသုံးကြဖို့ အားပေးကြသည်။ (သူတို့တစ်တွေသည် ညစ်ပတ်ပေကျံမှာ သေချာပါသည်)။ အရွယ်ရောက်သူအတွက်ကုလားထိုင်ရှိသည်။ (လူတိုင်းအတွက်လောက်သေည့်ထိုင်ခုံမရှိဘူး)အတွဲလိုက်ဝိုင်းပတ်လျှက် အဓိကကျသည့်နေရာမှာတော့ အမျိုးသမီးများရယ်ပါ။ သူတို့စားရင်းသောက်ရင်းပြောဆိုနေကြတာက နေအိမ်စာသင်ကျောင်းကိစ္စ၊ ကလေးငယ်သင်တန်းကျောင်း၊ အပ်ချုပ်ခြင်း၊ တက်သစ်စအသင်းတော်လူမှုရေးကိစ္စ၊ ကျွန်ုပ်တို့မျှော်လင့်သောအသင်းတော်သစ်ခြေလှမ်းရန်ကိစ္စ၊ စသဖြင့်စုံလို့ပါပဲ။ ယောကျ်ားအများစုဟာစားသောက်ဖို့ရပ်ပဲရပ်နေကြသည်။ စားကြသည့်ပန်းကန်နှင့်သောက်ကြသည့်ခွက်၏ ထိပ်ဟာညီမျှနေသည်။ အုပ်စုထဲကအတွဲ အနည်းငယ်မှာတော့ ကမ္ဘာ့ပြသာနာများ စိတ်ဝင်စားဖွယ်ရာအချို့သောသီသြော်လော်ဂျီ ခေါင်းစည်းပိုင်းကို စူးစမ်းကြသည်။ လက်ထမူရင်းပုံစံခံယူမှုကွဲပြားခြားနားခြင်းကြောင့်ပင်ဖြစ်သည်။

## “ထိုအရာ၏ပုံစံနှင့်ဗဟိုဆုံချက်–ပွဲတော်တခုနှင့်အနာဂတ်”
## (Its form and focus: Afeast and the future)

အစောဆုံးသောသခင်ဘုရား၏ညစာကို နောက်ဆုံးညစာဟူ၍လည်းခေါ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သခင်ယေရှုကားတိုင်ပေါ်အသေသတ်ခြင်းမခံယူမီ သူ၏တပည့်တော်များနှင့်အတူ စားသောက်သည့်နောက်ဆုံးညစာဖြစ်သည်။ ၎င်းညစာ၏အခါသမယမှာ ပသခါပွဲချိန်ပင်ဖြစ်သည်။ ယင်းပသခါပွဲတော်၌ သခင်ယေရှုနှင့်သူ၏တပည့်တော်တို့သည် အစားအစာများစုပုံထားသောစားပွဲတခုတွင် အတူတကွလဲလျောင်းခဲ့ကြသည်။ (ထွက်၊၁၂၊တရား၊၁၆) ဂျူးရိုးရာအရဤအစာသည် နောက်ဆုံးအချိန်နာရီပုံပေါက်ခြင်းဖြစ်သည်။ အစားအစာ၏အစီအစဉ် အခါသမယ “သူတို့စားသောက်သည့်အခိုက်” (မ၊၂၆း၂၆) ယေရှုသည် အချပ်လိုက်လှီးထားသည့် အပေါင်မုန့်တချပ်ကို ယူ၍သူခန္ဓာကိုယ်နှင့်နှိုင်းယှဉ်ခဲ့သည်။ပြီးနောက်အသင့်ရှိထား သောခွက်ကိုယူ၍၎င်းတို့အားလုံးကိုတိုက်ပြီးမှနောက်ဆုံးတွင်ည စာကိုသုံးဆောင်ကြသည်။ (လု၊ ၂၂း၂၀) ယေရှုသည် ခွက်ကိုတဖန်ယူပြန်၍သူ၏အသွေးတော်ဖြစ်သည်ဟုပြောသည်။ ထိုအသွေးသည် မကြာမီအတွင်းမှာ ကျွန်ုပ်တို့အပြစ်အတွက်သွန်းလောင်းမည့်အရာဖြစ်သည်။ ထို့ကြောင့် သခင်ဘုရား၏ညစာမှ မုန့်နှင့်စပျစ်ရည်သည် ပြည့်ဝသောအစာတခုအဖြစ်ဆက်စပ်ပေးလျှက် ပသခါအစားအစာကိုသာ ရည်ညွှန်းမိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ တပည့်တော်(၁၂)ပါးမှ တနည်းနည်းအားဖြင့် သခင်ဘုရား၏ညစာကိုအဆုံးသတ်စေခဲ့သဖြင့်နောင်လာမည့် အတတ်ပညာကျောင်းများတွင်စစ်မှန်သည့်အစာ ဖြစ်မလာနိုင်တော့တာပဲလား။ သို့မဟုတ် ၎င်းတို့အနေဖြင့်ဤအရာသည် ပွဲတော်ပါဟုသဘာဝကျစွာထင်မှတ်လျှက် ထိုအရာကိုပသခါ ပွဲတော်နှင်တူစေတာလား။ အဖြေကတော့ သိသာထင်ရှားပါ၏။ ဂရိပညာရှင်တဦး၏အလိုအရ၊ ပသခါပွဲ၌ကျော်ကြားသောအဖြစ်အပျက်နှစ်ခုရှိခဲ့သည်။ အီဂျစ်ပြည် မှကယ်နှုတ်ခြင်းနှင့်လာမည့် မေရှိယ၏ကယ်တင်ခြင်းကို ကြိုတင်၍ဖော်ပြခြင်းဖြစ်သည်။ (ရိန်းနက္က၏ ဂရိဘာသာစကားနှင့်ဆိုင်သော ဓမ္မသစ်ကျမ်း၏သော့ချက်စာမျက်နှာ–၂၀၇)။ ထိုနောက်ဆုံးညစာကိုများမကြာမီတွင် အန္တိမယဇ်ပူဇော်ခံ၊ ပသခါသိုးသူငယ်ဖြစ်လာမည့်ယေရှုလက်ဝါးကားတိုင်ပေါ်တွင် တလောကလုံး ၏အပြစ်ကိုခံဆောင်မည့်လက္ခဏာဖြစ်သည်။ သခင်ယေရှုသည် သူ၏တပည့်တော်များနှင့်အတူ နောက်ဆုံးပသခါညစာစားရန် စိတ်အားထက်သန်လျှက်ရှိသည်။ ယေရှုကနိုင်ငံတော်မထူထောင်မီ တဖန်ငါမစားမသောက်ဟု ဆိုခဲ့သည်(လု၊၂၂း၁၆)။ ယေရှုကဘုရားသခင်၏နိုင်ငံတော်၌ တဖန်ပသခါစားရမည့်အချိန်ကို ရှုမြင်လျက်ထိုအရာဖော်ပြသည်။ “ပြည့်စုံခြင်း”၏အမှတ်လက္ခဏာ (လုကာ ၂၂း၁၆) ဤအကြောင်းကို နောက်ဆုံး ရှင်ယောဟန်က ဗျာဒိတ်ကျမ်း ၁၉း၇–၉ တွင်ဖော်ပြထားပါသည်။ ရှင်ယောဟန် မှတ်တမ်းအရ ကောင်းကင်တမန်ကြွေးကြော်သည်မှာ

"ထိုသိုးသူငယ်မင်္ဂလာ ဆောင်ညစာစားပွဲသို့ ဖိတ်ကြားခြင်းခံရသူတို့သည် မင်္ဂလာရှိလေစွတကား" ဟူ၍။ နောက်ဆုံးညစာစားပွဲနှင့် ကနဦးအ သင်းတော်များ၏ သခင်ဘုရား၏ညစာ စားပွဲတို့သည် နောင်ပြည့်စုံလာမည့် သိုးသူငယ်မင်္ဂလာဆောင်ပွဲကိုရှေ့ရှုခဲ့ကြသည်။ ဧရာမစားသောက်ပွဲကြီးတစ်ခုကို ဧရာမစားသောက်ပွဲကြီးတစ်ခုက ပ်စားသောက်ပွဲကြီးတခု၏ စရိုက်ဝန်းကျင်သဘော လက္ခဏာနှင့်မတူဘူးဆိုလျှင်မှားပါမည်။ ဤသမယသည် ခမ်းနားကြီးကျယ်သည့်မိသာဟာယအချိန်၊ ခွန်အားပေးခြင်း၊ စာရိတ္တတိုး တက်ကောင်းမွန်စေခြင်း၊ မိတ်ဆွေဖွဲ့ခြင်း၊ ဂရုစိုက်ခြင်း၊ အမီလိုက်လာ ခြင်း၊ ဆုတောင်းခြင်း၊ တိုက်တွန်းခြင်းနှင့်ကြီးရင့်ခြင်းအချိန် အခါဖြစ်သည်။ အဖြစအပျက်အတွက် ဆင်ခြင်သုံးသပ်ချက်ကတော့ ဤအမှုအရာကို သင်သတိပြုမိမှာမဟုတ်ပေမဲ့ ဓမ္မသစ်နည်းစနစ်လာ၊ သခင်ဘုရား၏ညစာပါ။ ပိုသာအောင်အဘယ်နည်းလမ်းဖြင့် ကိုယ်စားပြုစေနိုင်ပါမည်နည်း။

သူ၏အနာဂတ်မင်္ဂလာဆောင်စားသောက်ပွဲကြီးကို ထူးခြားသောပသခါညဟူ၍ သခင်ဘုရား ၏စိတ်တော်၌များစွာဖြစ်ပေါ်ခံစားခဲ့သည်။ ပထမဦးစွာထိုအရာကို အစပြုဖော်ပြခဲ့သည်မှာ ပသခါပွဲတော်ပင်ဖြစ်သည် (လုကာ၊၂၂း၁၆)။ ထိုအရာ၌ တဖန်ဖော်ပြခဲ့သည်မှာ ခွက်ဖလားကိုသုံးဆောင်စဉ်တွင် "ဘုရားသခင်၏နိုင်ငံတော်မထူထောင်မီ ဤစပျစ်ရည်ကိုတဖန်ငါသောက်လိမ့်မည်မဟုတ်" ဟူ၍ ပြောဆိုခဲ့သည်(လုကာ၊၂၂း၁၆)။ ထိုညစာစားပြီးနောက် ယနေ့ထိမပြည့်စုံသေးသောအရာတစ်ခုကိုရည်မှတ်၍ "ငါ၏နိုင်ငံတော်၌ ငါ၏စားပွဲမှာစားသောက်ဖို့အလိုငှာ သင်၌နိုင်ငံတော် ငါအပ်နှင်းမည်" ဆိုပါသည် (လုကာ၊၂၂း၂၉–၃၀)။

ပထမရာစုတွင် ဂျူးတို့ကကောင်းကင်နိုင်ငံသည် ကယ်တင်ရှင်၏စားပွဲစုံတွင် ပွဲတော်ကျင်းပခိုက်ကဲ့သို့ငှင်း၊ ထိုနေရာတွင် ခေတ်မီသောတပါးအမျိုးသားများနှင့်အတူ မိုးတိမ်များနှင့်စောင်းများ ပါဝင်သည်ဟု ၎င်းတို့တွေးထင်ခဲ့ကြသည်။ နမူနာပြုရလျှင် တစ်ခါကဂျူးဘာသာရေး ခေါင်းဆောင်တစ်ဦးက ယေရှုကိုပြောခဲ့သည်မှာ "ဘုရားသခင်၏နိုင်ငံတော်မှာ ပွဲတော်၌ပါဝင်သူတို့သည် မင်္ဂလာရှိလေစွတကား" (လုကာ၊၁၄း၁၅)။ သခင်ယေရှုကိုယ်တိုင်မိန့်တော်မူကား "လူအများတို့သည် အရှေ့နှင့်အနောက်မှပေါ်လာပြီး ကောင်းကင်နိုင်ငံတော်တွင် အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့နှင့်အတူ ပွဲတော်၌ပါဝင်ဆင်နွှဲရလိမ့်မည်။" (ရှင်မဿဲ၊၈း၁၁)။

ဤကဲ့သို့သောသုံးဆောင်ရာတွင် ခရစ်တော်၏နိုင်ငံတော်ထူထောင်ဖို့အလိုငှာ (ရှင်မဿဲ ၆း၉–၁၁)တွင် တွေ့မြင်နေရသည့် နမူနာယူစရာ ဆုတောင်းချက်လည်းပါဝင်သည်။ သခင်ယေရှုသည် သူ၏နိုင်ငံတော်ထူထောင်ခြင်းကိုရည်ညွှန်းကိုးကား၍ ကျွန်ုပ်တို့အားဆုတောင်းတတ်အောင် သင်ပေးခဲ့သည်။ အလိုတော်ပြည့်စုံပါစေ၊ နိုင်ငံတော်ထူထောင်ပါစေသော်။ နောက်ထပ်အထူးသေချာသည့် ပဏ္ဍာက "အသက်မွေးလောက်သောအစာကို ယနေ့ကျွန်ုပ်တို့အားပေးသနားတော်မူပါ။" ဂရိတွင် အောက်မျဉ်းတားထားသည့် ရှင်မဿဲ ၆း၁၁ သည် ဘာသာပြန်ရန်ခက်ခဲလျှက်ရှိသည်။ မနက်ဖြန်စားရမည့်အစာကို အကျွန်ုပ်တို့အားပေးသနားတော်မူပါ၊ ကိုလုံးစေ့ပတ်စေ့ဖတ်ရှုခြင်းဖြင့် တစ်စုံတစ်ခုနှင့်သာ၍ နီးလာစေသည်။ ကျမ်းပုဒ် ၆း၁၀နှင့် ၆း၁၁ မှာဆက်စပ်လျှက် ယေရှု၏ကယ်တင်ခြင်းနှင့်ဆိုင်သော(နိုင်ငံတော်ထူထောင်ရန်) ယနေ့ကျွန်ုပ်တို့၌ ဧရာမစားသောက်ပွဲကြီး ပေးခဲ့မည့် မေးစရာထိုအစာကို ကျွန်ုပ်တို့အားကောင်းစွာသင်ပေးပါလိမ့်မည်။ ထိုအရာသည် နိုင်ငံတော်ထူထောင်ရန် နှင့်ပွဲတော်ကို ယနေ့စတင်ရန်ဖြစ်သည်။ သခင်ဘုရား၏ညစာစားပွဲအတွက် အကျယ်အဝန်းဆုံးသော ပြုဆက်ဆံပုံစံကို (၁ကော၊၁၀နှင့်၁၁)တို့တွင်တွေ့သည်။ သခင်ဘုရား၏ညစာစားပွဲအစည်းအဝေး ကိုကောင်းအောင်ထက်ပို၍ အန္တရာယ်ရှိအောင်ပြုခြင်းဖြင့် အဆုံးတွင်ကောရိန္တုမြို့ယုံကြည်သူများကို နက်ရှိုင်းစွာကွဲပြားစေသည်(၁၁း၁၇–၁၈)။ သူတို့သည် ညစာစားပွဲကိုသိက္ခာမဲ့သည့်ပြုမူဆောင်ရွက် ချက်တစ်ခုလိုပါဝင်ဆင်နွှဲလျှက်ရှိကြသည်(၁၁း၂၇)။ ပိုမိုကြွယ်ဝသူတို့ကဖြစ်နိုင်လျှင် သူတို့ထက်ဆင်းရဲသည့်အသိုင်းအဝိုင်းကြားမှာ အတူတကွပွဲတော်မစားလိုကြပါ။ သိသာထင် ရှားစွာပြောနိုင်သည့်အရာက အစောဆုံးလာပါဝင်ပြီး အချိန်ကြာမြင်စွာကျန်ရစ်လျှက် အချို့ကသောက်စားလာခဲ့ကြသည်။လုပ်ငန်းကစ္စကပိုမိုဆိုးဝါလာစေပြီး တဆက်တည်းမှာပင်ယုံကြည်သူများသည် အလုပ်သမားလူတန်း စားအဖြစ်သို့ ရောက်ရှိတော့သည်။ မိမိ၏လုပ်ငန်းလုပ်ဆောင်ရာတွင် မမှန်မကန်လုပ်ရပ်ကြောင့် ပိုမိုကြန့်ကြာစေသည်။ လက်ရှိအစားအစာအားလုံးကို စားသောက်ပစ်ပြီးနောက် ဆာလောင်မွတ်သိပ် ဧည့်သည်တစိမ်းတယံဆန်နေသည်ထင်ရသော်လည်း ယနေ့ခေတ်ပြိုင်အသင်းတော်အတွက် ပထမရာစုနှစ်အသင်းတော်တွင်ဆင်နွှဲခဲ့သည့် သခင်ဘုရား၏ညစာပါ။ ဧရာမစားသောက်ပွဲကြီးအသွင်ဆောင်ခြင်းအကြောင်းရင်းကတော့ သိုးသူငယ်မင်္ဂလာဆောင်ပွဲ၏ပုံ ဆောင်ချက်ကြောင့်ဖြစ်သည်။ ဤအချင်းအရာသည် ဓမ္မသစ်ခေတ်ကာလပိတ်သိမ်းပြီးသည့်တိုင်အောင် မတွေ့ရတော့ပေ။ အကြောင်းမှာ ကနဦးအသင်းတော်ဖခင်များသည် သခင်ဘုရား၏ညစာအယူအဆ၌စွာ အိမ်ပြန်သွားခဲ့ကြသည်(၁၁း၂၁–၂၂)။ အချို့ကကောရိန္တုလူတို့သည် ပဋိညာဉ်အစားအစာကဲ့သို့ အထွဋ်အမြတ်ထားလျှက်ညစာစားပွဲကို မှားယွင်းစွာလိုက်လျှောက်ခဲ့ကြသည်(၁၁း၂၃–၃၂)။ အစွဲအလမ်းပြင်းထန်သောအခါ သခင်ဘုရား၏ညစာစားပွဲကို အဘယ်ကဲ့သို့ပြုရသော်ထက် မိမိတို့ကိုယ်ပိုင်ညစာစားပွဲကိုသာ ဖြစ်လာခဲ့ရတော့သည် (၁၁း၂၁၊ အင်အေအက်စ်ဗွီ)။ သို့ဖြစ်၍ ရှင်ပေါလုက "သူတို့အိမ်မှာ မစားမသောက်ခဲ့ကြဘူးလား" ဟုမေးခဲ့သည်။ သူတို့၏ကိုယ်ပိုင်ညစာစားပွဲ၌ စားခဲ့ကြရန် ရည်ရွယ်ချက်အပြည့်အစုံကတော့ အိမ်စားဖိုဆောင်တွင် မိမိဘာသာလုပ်ရန်ဖြစ်သည်။ သူတို့၏ အပြစ်နှင့်ပြည့်ဝသော တကိုယ်ကောင်းဆန်မှုကြောင့် သခင်ဘုရား–ညစာစားပွဲ၏

တကယ့်အနှစ်သာရ အလုံးစုံကို လုံးလုံးလျားလျားသစ္စာဖောက်ခဲ့လေပြီ။ ကောရိန္သုအသင်းတော်မှ လုပ်ရိုးလုပ်စဉ်အတိုင်း ပါဝင်ဆင်နွှဲခဲ့ကြသည့် သခင်ဘုရား၏ညစာစားပွဲကို ပြည့်ဝသောအစာ(အဝစား)အဖြစ်ဖြင့် သိသာထင်ရှားသော သဘာဝမှ ၎င်းတို့သည် မဟုတ်မမှန်ပြုလုပ်ကြသည်။ ခေတ်မီသောလူအနည်း စုအသင်းတော်များ၌ သခင်ဘုရား၏ ညစာစားပွဲမှာ တစ်ပုံစံတည်းဖြစ်လာခဲ့သည်။ ဤအစီအစဉ်သည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆာငတ်မှုကိုကျေနပ်မှုရရှိဖို့ရန် မျှော်လင့်လျှက်ရှိသည်။ အပ်ဖျားလောက်မျှ စွက်မျိုးကိုသုံး၍ စပျစ်ရည်သောက်ခြင်း (သို့မဟုတ်အနည်းငယ်သောစပျစ်ရည်သောက်ခြင်း) သည်လည်းပဲ ဖြစ်တန်ရာသည်ဟူ၍ မဆိုနိုင်ပါ။

ကောရိန္သုလူတို့သည် အသင်းတော်ညစာစားပွဲကိုပြည့်ဝသောအစာအဖြစ်မှ ရပ်စဲခြင်းအမှု ၌မဟုတ်မမှန်ပြုလုပ်သည်မဟုတ်ဟုစိတ်ထက်သန်စွာ ဖြေရှင်းတတ်ကြသည်။ ထို့ထက် ရှင်ပေါလုမှ "သင်တို့စားဖို့ရန် လာသောအခါ တဦးကိုတဦးစောင့်ပါ" ဟု ရေးခဲ့သည်။ ဆာလောင်အားကြီးသူ စည်းမစောင့်နိုင်သူ တကိုယ်ကောင်းဆန်သူများအဖို့အခြားသူကို မစောင့်နိုင်သဖြင့် "အိမ်မှာစားခဲ့ကြ" ဟု ရည်မှတ်၍ပြောခဲ့သည်။ (၁ကော၊ ၁၁း၃၄)မိမိစိတ်၌မှတ်ကျုံးရမည့်အချက်မှာ ယေရှုဘုရားကြွသွား ပြီးနှစ်(၂၀)ကြာမှ ကောရိန္သုအသင်းတော်သို့ ရှင်ပေါလုစာရေးရာတွင် သူ၏နောက်ဆုံးညစာစားပွဲမှ သခင်ဘုရား၏ညစာစားပွဲဟူ၍ဖြစ်သည်။ ပြည့်ဝသောနောက်ဆုံးညစာဟု သိခဲ့ရသည်။ ထို့ကြောင့် ကောရိန္သုလူတို့လည်းပဲ သခင်ဘုရား၏ညစာစားပွဲကို ထမင်းတနပ်စာဟုနားလည်ခဲ့ကြသည်။

ထပ်မံ၍ ညစာ စာလုံးနောက်ကွယ်တွင် (၁ကော၊ ၁၁း၂၀)အရ၊ "deipnon"ဂရိစာလုံး၏ အနက်မှာ "ညစာ" ဧရာမစားသောက်ပွဲကြီး၌ညနေပိုင်းတွင်စားသည့် အဓိကအခါးအစာဖြစ်သည်။ ဤအရာသည် ဗိုက်ပြည့်စာတခုထက် လျော့ပြီးရည်ညွှန်းသည့်အရာတစုံတခုဘယ်တော့မှမရှိဘူး။ ဓမ္မသစ် ကလောင်ရှင်သည် သခင်ဘုရား၏ ညစာကို "deipnon" ဟု ရည်ညွှန်းထားရာ၎င်းကိုအဝစားဟု မှတ်ယူ၍မရခဲ့သော်ဖြစ်နိုင်ခြေသည်အဘယ်အရာနည်း။ နရိမူလ သခင်ဘုရား၏ ညစာသည်များပြားသော ရှုထောင့်ဖြင့်ရှေ့လမည့်အရာကို မျှော်ကြည့်ခြင်းဖြစ်သည်။ ပြည့်ဝသော အစာတခုဟူ၍နိုင်ငံတော်ထူထောင်သောအခါ၌သိုးသူငယ်၏မင်္ဂလာညစာစားပွဲကိုကြိုတင်ပြသသည့်ပွဲဖြစ်သည်။

သမ္မကျမ်းစာပညာရှင်များစွာတို့၏ ယူဆချက်၌ရှင်းရှင်းလင်းလင်းချိန်ဆပြီး နိရိုးချုပ်တတ်သည့်အရာမှာဒေါက်တာ ဂျွန်ဒရိန်းက "အသစ်သောခြသေ့စွယ်စုံကျမ်းတွင်" ပသခါပွဲချိန်၌ယေရှုတည်ထောင်ခဲ့သောအများနှင့်ဆိုင် သည့်ဤအစားအစာကို သူအသေမခံမီသူ၏တပည့်တော်များနှင့်အတူ နောက်ဆုံးညစာအဖြစ်ခံယူခဲ့ကြသည်။ သခင်ဘုရာ၏ ညစာကိုပြန်ကြည့်လျှင် ယေရှု၏အသေခံတော်မူခြင်းနှင့် ရှေ့ပိုင်းမှာ သူတဖန်ပြန်ကြွလာမည်ဖြစ်သည်။ ဓမ္မသစ်ခေတ် ကာလ၌ သခင်ဘုရား၏ညစာကို အမြဲစားနေကျအစာအားဖြင့် ခရစ်ယာန်မိသားစုအိမ်တို့၌မျှဝေခဲ့ကြသည်။ ထိုမှတဆင့် နောက်ပိုင်းတွင် သခင်ဘုရား၏ညစာကိုအထူးပြင်ဆင်ထားသည့်အဆောက်အအုံ ဂျူးဘုရားကျောင်းတွင်တိုးပြီးဝတ်ပြုကိုးကွယ် ဆုတောင်းခြင်း၊ အစီအစဉ်နှင့်အခြားအရင်းခံတီထွင်ထည့်သွင်းမှုဖြင့်ကြီးကျယ်စမ်းနားသော အခမ်းအနားဖြင့်တွေ့ရသည်။

ဂျေဂျီဆင်ပဆန်က ပွဲတော်ကျင်းပခြင်းကိစ္စများရေးသွင်းထားသောသမ္မကျမ်းစာအဘိဓာန်ကျမ်းတွင် လေ့လာချက်အရ သခင်ဘုရား၏ညစာနာမည်ဖြင့် မည့်သို့ပင်ဆိုစေ တရားဥပဒေနှင့်ညီစွာ (၁ကော၊ ၁၁း၂၀)မှ စီးဆင်းလာခဲ့သည်။ သူ့ဘာသာသူမင်္ဂလာယူသိဒ္ဒိတင်ခြင်းတော့မဟုတ်ပေ။ သို့သော် နောက်ဆုံးညစာအဖြစ်လူအများက အောက်မေ့ဘွယ်ကျင်းပသည့်အစာ အာဂပေမေတ္တာ သို့မဟုတ် ချစ်မေတ္တာပွဲတော်ဖြစ်ခြင်းနှင့်သခင်ဘုရား၏ ညစာစားပွဲတော်နှင့်ဆိုင်သော အစီအစဉ်ထဲမှ ခွဲထုတ်ပြီးရှင်ပေါလုမှမဖော်ပြခဲ့ပါ။

ကန္ဒင်လီယွန်မောရစ်က သူ့၏အနက်ဖွင့်ကျမ်းကိုကောရိန္သုပထမစာအပေါ်မှာ ဝီလျံသိုင်ခဲလ် ဓမ္မသစ်အဘိဓာန်ကျမ်းအတွက် ၁ကော၊၁၁ တွင် အခိုင်အမာအသိပေးပြောဆိုသည်မှာ ကောရိန္သုသန့်ရှင်းသောဆက်သွယ်ပေါင်းသင်းခြင်းသည် ကျွန်ုပ်တို့၌လွယ်လင့်တကူအထိမ်းအမှတ်အစာတော့မဟုတ်ပါ။ သို့သော်အမြဲစားနေကျအစာတခုပါပဲ။ ထို့ပြင် ဤအရာသည် ရိုးစင်း၍ပါဝင်သူတိုင်းယူဆောင် လာသောအစားအစာတခုဖြစ်သည်။

ဟောင်းဝက်မာရှဲလ်က "ခရစ်ယာန်တို့၏ယုံကြည်မှု" တွင် သခင်ဘုရား၏ညစာအကြောင်းကို ဖော်ပြခဲ့သည်မှ "သူ့၏တပည့်တော်များကအမှတ်ရစေရန်"အများနှင့် ဆိုင်သောအစာအစိတ်အပိုင်းအဖြစ်ဖြင့်၎င်း၊ ပထမဦးစွာ တနင်္ဂနွေနေ့တိုင်းကျင်းပလေ့ရှိကြသည်။

## ထိုအရာ၏လုပ်ကိုင်ဆောင်ရွက်မှုများ (Its functions)

### ၁။သခင်ယေရှုကို အမှတ်ရစေရန်ဖြစ်သည်(Reminding Jesus)

အစာ၏နရိမူလအစိတ်အပိုင်းတွင်ပါဝင်သော မုန့်နှင့်ခွက်ကိုဆက်ဆံရာတွင် လုပ်ပုံကိုင်ပုံ အမျိုးမျိုးဖြင့်အရေးတကြီးလုပ်ဆောင်ရကြသည်။ထိုအရာထဲမှ တခုကတော့ သခင်ယေရှု၏တဖန်ပြန် ကြွလာမည့်ကတိတော်ကို အမှတ်ရစေရန်ဖြစ်သည်။ ကျမ်းစကားနောကျေမှုယူဆချက်ဖြစ်ပြီး ဘုရားသခင်၏ပဋိညာဉ်ပါသူ၏ကတိတော်များကို အမှတ်ရစေရန်ဖြစ်သည်။ ၎င်းပဋိညာဉ်၌ဘုရားသခင် သည်နောဧကိုကတိတော်ပေးရာတွင် ကမ္ဘာကြီးကိုရေနှင့်နောက်ဘယ်ခါမျှမဖျက်ဆီးကြောင်းကို အထူးသိသာရန်သက်တန့်အားဖြင့်ပြသသည်။ ဘုရားသခင်၏ကတိတော်အတိုင်း ကျွန်ုပ်တို့ကိုအမှတ်ရစေ

ရန် ထိုလက္ခဏာပုံစံကိုအသေအချာပြုပေးခဲ့သည်။ သို့သော် ဘုရားသခင်ကပင်ကျေညာသည်မှာ"မိုး တိမ်၌သက်တန့် ရောက်ပေါ်လာတိုင်း ထိုအခြင်းအရာကို ငါမြင်၍အမှတ်ရတော်မူမည်" (အထူးပြုကျမ်းကူး က၊ ၉း၁၆)။ သခင်ဘုရား၏ ညစာ–မူရင်းမှာပြည့်ဝသောအစာတခုကိုစားသည်ဟူ၍ဖြစ်သည်။ ဥပမာအားဖြင့် ဒိုနဲလမ်ကေ့သီရေးသားသည့် "သမ္မာကျမ်း ၏ ခြသေ့်လက်ဆွဲစာအုပ်" တွင်ဖော်ပြသည်မှာ အစောပိုင်းအချိန်ကာမများတွင် သခင်ဘုရား၏ညစာစားပွဲကို ပါဝင် ဆင်နွဲမှုအစီအစဉ်မှာ အများနှင့်ဆိုင် သောအစာတခုဖြစ်သည် ဟူ၍ဖြစ်သည်။ အစားအသောက်အားလုံးကို အသီးသီး ယူဆောင်လာပြီး ရနိူင်သမျှအတူတူမျှဝေခဲ့ကြသည်။

နောင်တွင်ရွေးနုတ်ခြင်းသည် သမိုင်း၌အာဗြဟံနှင့်သူ့၏ ပဋိညာဉ်အစိတ်အပိုင်းတခုအဖြစ်ဖြင့် ယင်းပဋိညာဉ်အရ ပင် အဲကုတ္တုကျွန်ခံအရပ်မှ သူ၏ဣသရေလလူမျိုးများကိုခေါ်ထုတ်ခဲ့သည်။ သတ်မှတ်ထားသည့် အချိန်စေ့သောအခါ ဘုရားသခင်ထိုသူတို့၏ညီးညူသံကိုကြားခေတ်မူပြီး အာဗြဟံ နက္လဇက်၊ ယာကုပ်နှင့်ထားသော သူ့၏ကတိတော်ကို အောက်မေ့တော်မူသည်။ ထို့သို့ဣသရေလလူ မျိုးတို့ကို သူတိုပ၏စိတ်ဆန္ဒအရ ကြည့်ရှုတော်မူ၏(ထွက်၊ ၂း၂၄–၂၅)။

ဘေဘီလိုးနီးယာတွင် ကျွန်ခံစဉ် ယေရုဆလင်အတွက် ဘုရားသခင်ကတိတော်ထားတော်မူသော အရာကိုပရော ဖက်ယေဇကျေလ၏မှတ်တမ်းအရ "ငါသင်နှင့်အတူပြုသည့် ကတိတော်ကို အောက်မေ့တော်မူမည်" (ယေဇ၊ ၁၆း၆၀)

သခင်ဘုရား၏ညစာသသည် ပဋိညာဉ်တရားသစ်၏လက္ခဏာပင်ဖြစ်သည်။ ယေရှုသည် ခွက်ကိုယူ၍ ဤအရာ သည် ပဋိညာဉ်တရားနှင့်ဆိုင်သော ငါ့၏အသွေးဖြစ်သည်။ သင်တို့၏အပြစ်များဖြေလွှတ်ရန် အများသောသူများ သန့်ရှင်းစင်ကြယ်ဖို့အလို့ငါဖြစ်သည်။ (မသဲ၊ ၂၆း၂၈) နိမိတ်လက္ခဏာတစုံတရာအားဖြင့် အသိပေးသူနေရာတွင် အကျိုး ဆောင်ရန်ခံရခြင်းဖြစ်သည်။ သို့ဖြစ်၍ သခင်ယေရှုက မုန့်ကိုယူ၍စားကြပါ။ ဤအရာသည် သူ့ကိုအမှတ်ရစရာဖြစ်မည အကြောင်း(လု၊ ၂၂း၁၉)တွင် မိန့်တော်မူ၏အမှတ်ရစရာစကားလုံးကို ဂရိလို "anamness" အနက်မှာ အမှတ်ရစေသူ ဟူ၍ပြန်ဆိုထားပါသည်။ လုံးစေ့ပတ်စေ့ပြန်ဆိုရလျှင် သခင်ယေရှုက ငါ့ကိုအမှတ်ရစေဖို့ ဤအရာ ကိုပြုပါဟု မိန့်တော် မူသည်။ ကျွန်ပ်တို့ရှေ့တွင် ထိုအမှတ်ရစရာအခြေခံကျစွာ ဖြစ်လာစေရန် ယေရှု၏အကျိုးအတွက်လား ကျွန်ပ်တို့အတွက် လား၊ ဆိုသည့်မေးခွန်းပင်ဖြစ်သည်။ ဝိဘတ်ဆိုင်ရာ စကားစု "ကျွန်ပ်တို့၏" သို့ "အကျွန်ပ်ကိုပြန်ဆိုရာတွင် လုံးချင်းဂရိ စကားလုံးအနေဖြင့်"emos" သည် သဒ္ဒါနည်းကျကျပိုင်ဆိုင်မှုသင်္ကေတဖြစ်သည်(ဥပမာ၊ အမှတ်ရစရာပိုင်ရှင်သည် သခင် ယေရှုပင်ဖြစ်သည်။) သို့ဖြစ်၍အသင်းတော်တွင် ကျွန်တော်တို့ပါဝင်ဆောင်ရွက်လျက်ရှိသည့် သခင်ဘုရား၏ညစာ–မုန့် သည် သခင်ယေရှုသူပြန်လာမည့်ကတိနှင့် နောက်ထပ်လူပုဂ္ဂိုလ်ထဲ၌စားမည့်ညစာကို အသေအချာအသိပေးခြင်းဖြစ်သည်။ (လု၊ ၂၂း၁၆၊၁၈) ဤအသိစိတ်၌ ကောင်းစွာနားလည်သဘောပေါက်လျှက် သခင်ယေရှုပြန်ကြွလာရန် ဆုတောင်းခံချက်၏ မူရင်းပုံစံသည် (နိူင်ငံတော်ထူထောင်ပါစေသော် မသဲ၊ ၆း၁၁)ထိုကဲ့သို့ သင်တန်းအားဖြင့် ဘုရားသခင်သည် နောဧနှင့် သူ၏ပဋိညာဉ်ကိုအမှတ်ရစေသည်။ ထို့အတူညီးညူသံပြုခြင်းအားဖြင့် ဘုရားသခင်သည် အာဗြဟံနှင့်သူ၏ပဋိညာဉ်ကို အမှတ်ရစေခဲ့သည်။ သခင်ဘုရား၏ညစာချည်းကပ်ပုံနှစ်မျိုးစလုံးက သခင်ယေရှုသည် သူ၏တဖန်ကြွလာရန်ကတိကိုအ မှတ်ရစေရန် ပုံစံဖော်ပေးခြင်းဖြစ်သည်။ ကောလင်းဘရောင်းဆိုသူက ကိုးကားသည့် ဂျေ–ယေရမိ တွင် သခင်ယေရှု အသုံးပြုသည့်"anamnesis" မှာ လူတဦး၏အာရုံထဲတွင် ဘုရားသခင်အတွက် အမှတ်ရစေသူတဦး၏ နားလည်သဘော ပေါက်မှုပင်ဖြစ်သည်။ သခင်ဘုရား၏ညစာကိုအကြောင်းပြု၍ ဆုတောင်းခြင်းနည်းဥပဒေသဖြစ်လာသည်။ (အသစ်သောအ ပြည်ပြည်ဆိုင်ရာဓမ္မသစ်သီသြော်လော် ဂျီ၏ အဘိဓာန်ကျမ်း ၃စာ၊ ၂၄၄)။

(၁ကော၊ ၁၁း၂၆)တွင် ရှင်ပေါလုက ဤအယူအဆတွေကို အတည်ပြုလျှက်ကနဦးအသင်းတော်များကို ဖော်ပြ ပေးရန် သခင်ဘုရား၏ညစာအတူစားရာတွင်ငှင်း၊ သခင်ဘုရား၏အသေခံခြင်းနှင့် ပြန်လာမည့်အထိတိုင်အောင် လူသိရှင် ကြားကျေညာခြင်းကို အစဉ်အမြဲပြုလုပ်ရမည်။

သူ့၏အသေခံခြင်းအားလူသိရှင်ကြားဖြစ်အောင် သူတို့ကျေညာသည့်အမှုမှာ အဘယ်ကြောင့်နည်း။ အငြင်းအခုံဖြစ် လျှက် သူတို့လူသိရှင်ကြားကျေညာသည့်အမှု၌ သခင်ဘုရားသည် သူကိုယ်တိုင်သူ့အတွက် ပြန်ကြွလာခြင်းကို အမှတ်ရ စေသူတဦးဖြစ်ခဲ့သည်။ ထိုအရေးပါသည့် အရာမှာ ဂရိစာ၏နောက်ကွယ်တွင် "တိုင်အောင်" သည် "achrihou" ဖြစ်သည်။ ထိုအရာ၌ဤကဲ့သို့ သဒ္ဒါနည်းကျကျသင်္ကေတပေးနိူင်သည့်ပန်းတိုင်တခုသို့မဟုတ် ရည်ရွယ်ချက်တခု အဖြစ်ဖြင့် အသုံးပြုသည် (ရိန်းနက္လာဆိုသူ၏ ဘာသာစကားနှင့်ဆိုင်သော ဂရိဓမ္မသစ်ကျမ်းသော့ချက်၊ စာ၊ ၃၄)။ အင်္ဂလိပ်လိုအသုံး ပြုနည်းမှာ ကျွန်တော်ထီးတလက်ကို သုံးပါရစေ။ "တိုင်အောင်" မိုးစဲပြီ၊ အချိန်တခု၏သင်္ကေတဘောင်နီးပါး မျှဖြစ်သည်။ (အသုံးခံနေသည့်ထီးသည် မိုးစဲပြီးနောက်တွင်လုပ်စရာဘာမျှ မရှိတော့ပါ)။ ဂရိလိုနောက်ကွယ်တွင် မည်သည့်အရာ မျှမရှိပါ။ သို့သော် "တိုင်အောင်"ကို (၁ကော၊ ၁၁း၂၆)တွင် အသုံးပြုခဲ့သည်။ ရှင်ပေါလုက ခွက်နှင့်မုန့်သုံးဆောင် သည့်အရာမှာ သခင်ယေရှု၏အသေခံခြင်းကို(အမှတ်ရစေသူအဖြစ်ဖြင့်)ပန်းတိုင် "တိုင်အောင်" သူ့ထံပြန်လာရန် တိုက်တွန်းလျှက်ရှိသည်။ သို့ဖြစ်၍သူ့၏အသေခံခြင်းအမှုကို ပေါင်မုန့်ချပ်နှင့်ခွက်အားဖြင့်လူသိရှင်ကြား ကျေညာခြင်း ဖြစ်ပါသည်။ သူ့၏တဖန်ကြွလာခြင်းကိုတော့ ညစာစားပွဲအားဖြင့် ကြိုတင်ပြုလုပ်ခဲ့သည်။ သခင်ဘုရားပြန်ကြွလာခြင်း သည် ရှာဖွေသွေး ဆောင်ရန်နှင့် ဗျာဒိတ်၊ ၆၌ကဲ့သို့ မာတုရ၏လျှောက်လဲချက်အယူအဆနှင့်မတူပါ။ အချုပ်အခြာအာ

ဏာအရှင်သခင် သန့်ရှင်းစစ်မှန်စွာဖြင့် သင်မြေကြီးပေါ်၌ မည်မျှကြာရှည်နေထိုင်ပြီးလျှင် အကျွန်ုပ် တို့၏အသွေးအတွက် ဂလဲ့စားချေပေးရန် မည်သူခေါ်ထုတ်သနည်း။ (ဗျာ၊ ၆း၁၀) နောက်ပြီး ရှင်ပေတရုသည် သူ့၏စာဖတ်ပရိသတ်သို့ လျှက်မြန်စွာ ရောက်လာမည့် "ဘုရားသခင်၏နေ့ရက်ရှုမျှော်သင့် သည်ဟုမည်သို့ဆိုလိုပါသနည်း။" (၂ပေ၊ ၃း၁၂) သခင် ယေရှုပြန်လည်ကြွလာရန် ရှာဖွေသွေးဆောင်ခြင်း ၌အရာမထင်သော် အလိုတော်အတိုင်းပြုတော်မူပါ" ဟု၍အဘယ့်ကြောင့် ထပ်မံမိန့်တော်မူပါမည် နည်း။(မ၊ ၆း၁၀)။

## ၂။ ဖန်ဆင်းထားသည့်စည်းလုံးမှု(Creating Unity)

သခင်ဘုရား၏ညစာကိုစစ်မှန်သည့်အစားတနပ်ဟူ၍ အားလုံးကလက်ခံထားသည်။ သူ့၏ခန္ဓာနှင့် အသွေးတော် ကိုယ်စားပြုပေါင်မုန့်လုံးနှင့်ခွက်ဖလားကို ကျွန်တော်တို့ဝန်ပေါ့အောင်ပစ်ချသင့်သည်ဟု မဆိုလိုပါ။ ဆန့်ကျင်ဖက်ဖြစ်စရာ ကတော့ သူတို့ချန်ထားသည့် ညစာစားပွဲ၏ရှင်သန်ရန်လိုအပ်နေ သည့်အပိုင်းပင်ဖြစ်သည်(၁ကော၊ ၁၁း၂၃–၂၆)။

သခင်ဘုရား၏ညစာသည်အရေးကြီးသည့်ပုံစံအဖြစ်ဖြင့် (သိုးသူငယ်၏ကြီးမားသောမင်္ဂလာဆောင်ပွဲ အပြည့်အဝ မိသာဟာယဖွဲ့မှုတခု၏အစာဖြစ်ကြောင်းကိုတင်ဖော်ပြထားခဲ့သည်။ မုန့်နှင့်ခွက် တို့၏ပုံစံသည်လည်း အရေးကြီးပါသည်။ ဖော်ပြသည့်ကျမ်းချက်ထဲတွင် ကျေးဇူးတော်ချီးမွမ်းခြင်းခွက်ကိုလုပ်ဆောင်ခဲ့သည်။ ပေါင်မုန့်လုံးတခုမျှသောအနည်းကိန်းပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် အများဖြစ်ကြပေမဲ့ မုန့်တလုံးပင်မည်၏အားလုံးသည် ခန္ဓာကိုယ်တခု ဖြစ်သည်။ အားလုံးက ဤပေါင်မုန့်တလုံး၌ ပါဝင်ဆက်ဆံကြသည်။ (၁ကော၊ ၁၁း၁၆–၁၇)။ပေါင်မုန့်လုံးတခု အားဖြင့် ကျွန်ုပ်တို့၏ခရစ်တော်၌တစုစည်းတည်းသာမက၊(၁ကော၊ ၁၀း၁၇) အရ၊ ဖန်ဆင်းရာပါ စည်းလုံးမှုလည်းပဲမည်ပါ၏အထူး သတိပြုစရာမူရင်း အားပေးသောစကားလုံးဖြစ်လျှက်ရှိသည်။ အကြောင်းမှာ ပေါင်မုန့်လုံးတခုဖြစ်ခြင်းသည် ကျွန်ုပ်တို့အား တကိုယ်တည်း၌ ပေါင်မုန့်လုံးတခုတည်းကို အားလုံးကပါဝင် ဆင်နွဲကြရန်အတွက်ဖြစ်သည်(၁ကော၊ ၁၀း၁၇)။ ယနေ့ ဖျော်ရည်ခွက်ပွားများ စေခြင်းနှင့်အစုအပုံမှ အစိတ်အပိုင်းသို့ဖောတ်ခွဲဖျက်ဆီးခြင်း၊ မစည်းလုံးခြင်း၏ပြယုပ်၊ ကွဲပြားခြား နားခြင်းနှင့် တဦးချင်းဖြစ်ခြင်းအတွက်ပါဝင်ဆင်နွဲခြင်းသာဖြစ်သည်။ ပိုဆိုးလာတာက သခင်ဘုရားပြုခဲ့သည့် ပေါင်မုန့်လုံး အားဖြင့်ယုံကြည်သူများ ခန္ဓာကိုယ်တခုထဲတွင် စည်းလုံးခြင်းကို ဖော်ဆောင်သည့်အရာသည့်အရာ၌ တားဆီးပိတ်ပင် ခဲ့ခြင်းပင်ဖြစ်သည်။

## ၃။ မိဿဟာယအဖွဲ့(Fellowship)

လောဒိကိမြို့အသင်းတော်ကို မိန့်တော်မူသည်မှာ အကျွန်ုပ်တို့၏သခင်ရှင်ပြန်ထမြောက်တော် မူပြီးနောက် လာပြီးစားကြပါ(deipneo) ဟူ၍ ပေးကမ်းခဲ့သည်။ အကြင်သူသည် ငါ၏အသံကိုကြား၍ တခါးကိုဖွင့်အံ့ဆိုရာတွင် မိဿဟာယဖွဲ့ခြင်းနှင့်အတူတကွ ပူပေါင်းခြင်း၏ပြယုပ်ခြင်းဖြစ်သည်(ဗျာ၊ ၃း၂၀) လက်ခံခြင်းနှင့်မိဿဟာယဖွဲ့ခြင်းအယူ အဆအကျဉ်းအားဖြင့်အတူတကွ စားသောက်ခြင်းသည် သခင်ယေရှု၏နေ့ရက်တွက် ဟီဘရူးယဉ်ကျေးမှုမှ ဆင်းသက် လာခြင်းမဟုတ်ပါ။ အစောဆုံးဟီဘရူး ကျမ်းစာမှလည်းမဟုတ်ပါ။ ထွက်မြောက်ရာကျမ်း ၁၈း၁၂ တွင်အသိပေးသည်မှာ ယေသရော၊ မောရှေ၊ အာရုန်နှင့်အားလုံးသော ဣသရေလအသက်ကြီးသူများသည် ဘုရားသခင်၏မျက်မှောက်တော်၌ ထိုမုန့်ကို စားရန်လာခဲ့ကြသည်။ သိနာပဋိညာဉ်နှင့်အညီဖြစ်ပျက်ခဲ့သည့် ဘုရားသခင်နှင့်ဆိုင်သော အစာပိုများကို ဖြတ်တောက်လျှက်ရှိသည်။ ထိုအခါတွင် မောရှေ၊ အာရုန်၊ နဒပ်၊ အဘိဟုနှင့်အသက် ကြီးသူဣသရေလ ခုနစ်ကျိပ်တို့ သည် ယင်းသိနာတောင်ပေါ်၌ ဘုရားသခင်ကိုတွေ့ခဲ့ကြပြီး သူတို့သည် စားသောက်လျှက်နေခဲ့ကြသည်။ (ထွက်၊ ၂၄း၉–၁၁)ထိုကိစ္စတွင် ထင်ရှားအရေးပါသည့်အရာမှာ ဘုရားသခင်သည် ဤခေါင်းဆောင်များကို ဆန်ကျင်ပြီးလက်တော် မဆန့် တော့ပါဟူ၍ဖြစ်သည် (ထွက်၊၂၄း၁၁က) ဘုရားသခင်၏မျက်မှောက်တော်၌သူတို့စားခဲ့သည့် သန့်ရှင်းသောအစားသက်သေ အားဖြင့် ထိုသူတို့ကို သူလတ်ခံတော်မူ၏

ဤမိဿဟာယဖွဲ့စားသောက်ခြင်း၏အဓိကအကြောင်းရင်းသည် တမန်တော်ဝတ္ထုမှစတင်ခဲ့သည်။ ထိုနေရတွင် ကျွန်တော်တို့မြင်နိူင်သည့်အရာမှာ ကနဦးအသင်းတော်များသူတို့ကိုယ်တိုင်မြပ်နှံသည့် "မိဿဟာယဖွဲ့ခြင်းနျင့်မုန့်ကို ချိုးဖွဲ့ ခြင်း၊ ပင်ဖြစ်သည်(၂း၄၂၊ ဘာသာပြန်စာပေ)။ သင့်မှာ အင်္ဂလိပ်လိုဘာသာပြန်ဆိုခြင်း၊(တ၊ ၂း၄၂)အရ သတိမူစရာက "နှင့်" သည်သွန်သင်ခြင်းနှင့် မိဿဟာယဖွဲ့ခြင်း၊ ကြားထဲမှာ ထို့ပြင် မုန့်နှင့်ဆုတောင်းခြင်းကြားထဲမှာပါ။ သို့သော် မိဿဟာယနှင့် မုန့်ကြားထဲမှာတော့မဟုတ်ပါ။ ဂရိလို မိဿဟာယဖွဲ့ခြင်းနှင့်မုန့်ကို ချိုးဖွဲ့ခြင်းသည်အတူတကွ တဆက် တည်း တချိန်တည်းလုပ်ဆောင်ချက်များဖြစ်သည်။ သူတို့၌မုန့်ကို အတူတကွ ချိုးဖွဲ့ခြင်းအားဖြင့် တဦးနှင့်တဦး မိဿဟာ ယဖွဲ့မှုရှိခဲ့ကြသည်။ ရှင်လုကာမှ ကျွန်ုပ်တို့ကို ထပ်မံ၍အသိပေးသည့်အရာမှာ ဤကဲ့သို့ သုံးဆောင်စဉ်တွင် စစ်မှန်သည် နှလုံးသားနှင့်အတူ ဝမ်းမြောက်စွာဖြင့်ပြုခဲ့ကြသည် (တ၊ ၂း၄၆)။ ထိုကိစ္စအတွက် အထူးဘိတ်ကြားခြင်းမပြုရပါ။ အနက် ဖွင့်ကျမ်းများတွင်ပါဝင်သည့်စကားစုဟာ တမန်တော်ဝတ္ထုမှ သခင်ဘုရား၏ညစာအားဖြင့်"မုန့်ကိုချိုးဖွဲ့ခြင်း"ဟူ၍ ဖြစ်သည်။ အဘယ့်ကြောင့် ဤသို့ဖြစ်သည်ဆိုလျှင် ရှင်လုကသည် တမန်တော်ဝတ္ထုလာ–သတင်းကောင်းမှတ်တမ်းအရ၊ နောက်ဆုံး ညစာစားပွဲတွင် သခင်ယေရှုသည်မုန့်ကိုယူ၍ချိုးဖွဲ့ခဲ့သည်ဟု ရေးသားခဲ့ပါသည် (တ၊၂၂း၁၉)ဤကဲ့သို့ တိကျသည့် နိဂုံး

ကြောင့် ယင်းနောက်ပိုင်းကနဦးအသင်းတော်နှင့်အစဉ်အဆက်တို့က သခင်ဘုရား၏ညစာကိုသုံးဆောင်ရန် မိဿဟာယပြုချိန်တိုင်း၌ ဝမ်းမြောက်မှုနှင့်အတူ ကြီးမားသော မင်္ဂလာဆောင်ပွဲကြီးပွဲကောင်းကဲ့သို့ ပျော်ရွှင်စွာကျင်းပလေ့ရှိကြသည်။

## "ထိုကိစ္စကြိမ်နှုန်း–အပတ်စဉ်" (Its Frequency-Weekly)

ဓမ္မသစ်အသင်းတော်ညစာ၌ မည်ကဲ့သို့ မကြာခဏပါဝင်ကြသနည်း။ ကနဦးယုံကြည်သူများသည် အပတ်စဉ်တိုင်း၊ သခင်ဘုရား၏ညစာကို သုံးဆောင်ခဲ့ကြသည့်အဓိက ရည်ရွယ်ချက်မှာ သခင်ဘုရား၏နေ့ရက်တိုင်း၊ သူတို့တတွေအတူတကွ လာရောက်ကြခြင်းဖြစ်သည်။ ပထမဆုံးအမှတ်အသားသည် သဒ္ဒါနည်းကျသော အရာဖြစ်သည်။ "သခင်ဘုရား၏နေ့" သည် အနိုင်းမဲ့ဂရိဝေါဟာရစကားစု "Kureakon hemeran" မှ ဖြစ်ပြီး စက်မှုသိပ္ပံအတတ်ပညာဆိုင်ရာဝေါဟာရဖြစ်သည်။ ထိုအရာကိုလုံးစေ့ပတ်စေဖတ်ရလျှင် "သခငဘုရားပိုင်ဆိုင်သောနေ့ရက်" စကားလုံးသည် "kuriakos" မှ လာပြီး "သခင်ဘုရားပိုင်ဆိုင်လျှက်ရှိသည်" ဟု ဆိုလိုသည်။ ထိုအချက်သည် ဓမ္မသစ်ကျမ်းတွင် ၁ကော၊၁၁း၂၀နှင့် ဗျာဒိတ်၊၁း၁၀ ထဲမှ ပေါလုအသုံးပြုလေ့ရှိသည့် "သခင်ဘုရား၏ညစာ" (သို့) သခင်ဘုရားပိုင်ဆိုင်လျှက်ရှိသည့်ညစာ" (Kuriakon deipnon)ဟု ဆိုလိုသည်။ ဤအရာနှစ်ခုအတွင်း ဆက်စပ်အသုံးပြုမှုတွင် မလွဲလျော်သင့်ပါ။ အပတ်စဉ်အသင်းတော်အစည်းအဝေး၏ရည်ရွယ်ချက်သည် "သခင်ဘုရား၏ညစာ" ကိုစောင့်ထိန်းရန်ဖြစ်သည်။ ထိုအရာတိုအာရုံခံစားရန်အတွက်သာပြုလုပ်လေ့ရှိပြီး သခင်ဘုရားပိုင်ဆိုင်သည့်ညစာကို သခင်ဘုရားပိုင်ဆိုင်သည့်နေ့ရက်မှာစားသောက်ခြင်းမည်၏(ရက်သတ္တတပတ်၏ပထမနေ့)။ ရှင်ယောဟန်၏ ဗျာဒိတ်၊၁း၁၀ အရ ရက်သတ္တတပတ်၏ပထမနေ့တွင် ဖြစ်ပျက်သည့်သိသာထင်ရှားလျှက် သခင်ယေရှုသေခြင်းမှ ထမြောက်ခဲ့သည့်နေ့နှင့်ယင်းနေ့မှာ ပင်ကနဦးအသင်းတော်သည် "သခင်ဘုရားပိုင်သည့်ညစာ" စားရန်တွေ့ဆုံခဲ့ကြသည်။ ရှင်ပြန်ထမြောက်ရာနေ့နှင့်ညစာကိုအတူတကွ အထုပ်အပိုးတခုအဖြစ်၌ဆက်ဆံကြသည်။

## "သုတ်သင်ရှင်းလင်းခြင်း" (Clean Up)

သင်အလိုရှိသည့်အရာကို ဆင်ခြင်းစဉ်းစားပြီးအသုံးပြုရန်၊ စက္ကူ၊ ပန်းကန်းပြားများနှင့်လတ် သုပ်ပုဝါများ၊ ပလပ်စတစ်ခွက်နှင့်ခက်ရင်းတို့နှင့်အတူရနိုင်သမျှကို သုတ်သင်သန့်ရှင်းထားရမည်။ ထိုအစဉ်မှာ လူထုအနေဖြင့်သူတို့၏အသုံးမဝင်သည့်အကြွင်းအကျန်များနှင့်အတူ ပန်းကန်ခွက်ယောက်များကို တခါတရံပေါ့ဆစွာဖြင့် အဝေးသို့လွှင့်ပစ်ခြင်း၊ ထိုသို့သတ္တုစုတခုကို မတော်တဆလွှင့်ပစ်ခြင်းထက် ပလပ်စတစ်လေအလွှင့်တခုကို မတော်တဆလွှင့်ပစ်ခြင်းက သာ၍ကောင်းပါသည်။ အိမ်ရှင်မိသားစုပံ့ပိုးဧည့်ခံသည့် ကြိမ်ပန်းကန်ကိုင်ဆောင်သူသည် မဖိတ်အောင်ရှောင်ရှား၍ ကူညီရန်ဖြစ်သည်။ ဤအရာများသည် ပြန်အသုံးပြုနိုင်သော်လည် အမြဲတမ်းဆေးကြောစရာလိုမည်မဟုတ်ပါ။

## "ကြီးမား၍ရှုပ်ထွေးသောအစည်းအရုံးများ" (Logistics)

ပူအိုက်သည့်ရာသီတွင် ပြင်ပသင့်လျော်သည့်နေရာ၌ စားသင့်သည်။ အစားအသောက်ဖိတ်စဉ်မှုသည် မရှောင်မလွဲနိုင်တဲ့အရာပါ။ သုတ်သင်ရှင်းလင်းရန် ပိုမိုလွယ်ကူစေရမည်။ အစည်းအဝေးကျင်းပပြီးဆုံးသည်နှင့် စုစည်းထားသောစားပွဲခုံများကို အခြားလိုအပ်သည့်နေရာနှင့်စတိုခန်းတို့၌ ပြန်ပို့ထားရမည်။ အေးမြသည့်ရာသီတွင်အတွင်းဖက်၌စားသောက်ဖို့ရန် လိုအပ်ပါမည်။ စဉ်းစားရမည်မှာ ကောင်းမွန်သည့်အဖုံးအစွပ်အထပ်အလွှာတခုခုကို ပလပ်စတစ်နှင့်ထို့ထက်အဝတ်ဖြင့် ပရိဘောဂများကို ဖုံးအုပ်ချုပ်လုပ်ကာ ထားရမည်။ လူငယ်၏သဘာဝအတိုင်းညစ်ပေနေတတ်ကြသဖြင့် သူတို့အတွက်သီးသန့်ဖယ်ထားသည့်ထိုင်ခုံ စားပွဲခုံတခုမှာပဲ အခိုင်အမာနေရာချထားပေးသင့်သည်။

## "ခွက်နှင့်ပေါင်မုန့်လုံး" (The cup and Loaf)

တချို့ကိုတွေ့ရှိရသည်မှာ ခွက်နှင့်ပေါင်မုန့်လုံးကို အစားအစာအဖြစ်ဦးစားပေးခြင်းမှ ကန့်သတ်သည့်အက်ဥပဒေသည် အစားအစာများများမပါဝင်ရဟူ၍ဖြစ်သည်။ ခပ်သိမ်းသောအရာသည့် နေ့လယ်စာမျှဖြစ်ပြီး သခင်ဘုရား၏ ညစာအဖြစ်ခွက်နှင့်ပေါင်မုန့်လုံးပင်ဖြစ်သည်။ ဤမှားယွင်းသော နှစ်ပိုင်းခွဲခြင်းများကို ကျော်လွှားနိုင်ရန် သခင်ဘုရား၏အစာကြွင်းကျန်များကိုပါစားပွဲပေါ်မှာ ခွက်နှင့်ပေါင်မုန့်လုံးနှင့်အတူ ကြိုးစားကာနေရာချပေးထားရမည်။ ခွက်နှင့်ပေါင်မုန့်လုံးသည် တွေ့ဆုံခြင်းနှင့် အစားအစာအတွက် ဦးစားပေးဆုတောင်းခြင်းဖော်ပြချက်များကို ကြိုတင်ညွှန်ပြထားနိုင်သည်။ သို့သော် ထို့ထက်အရာရာအတိုင်းနှင့်အတူ ထိုးကြိတ်ရိုက်နှက်မှုသာလျှင် စားပွဲပေါ်တွင်နေရာကျခဲ့ပြီ။ ယုံကြည်သူများအနေနှင့် အစေခံနည်းလမ်းအားဖြင့် ထိုအရာကိုကျော်ဖြတ်လျှက် ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပေါင်မုန့်လုံးမှာ တဆေးမပါသင့်ပေမဲ့ စပျစ်ရည်မှာတော့ အရက်ပါသင့်သည်။ ဂျူးတို့သည် ပသခါအစာအဖြစ်တဆေးမဲ့မုန့်ကို စားရခြင်း၏သင်္ကေတမှာ ဘုရားသခင်သည်သူတို့အားအဲကုတ္တု ပြည်မှအမြန်ဆုံးထုတ်ဆောင်မည်။ သခင်ယေရှုက တဆေးမဲ့မုန့်ကို မူရင်းနှင့်ဆိုင်သော နောက်ဆုံးညစာ ၌အသုံးပြုခဲ့သည်။ ဓမ္မသစ်ကျမ်းတွင် ဘာမျှမပြောခဲ့ပါ။

မည်သို့ဆိုစေ တပါးအမျိုးသားများအသင်းတော်သည် သခင်ဘုရား၏ညစာတွင် တဆေးမဲ့မုန့်က အသုံးပြုလျှက်ရှိသည် (၁ကော၊ ၅း၆–၈)။ ထိုအရာသည်လည်း ဘုရားသခင်၏နိုင်ငံတော်ကိုကိုယ်စားပြုရန် အသုံးပြုခဲ့သည်(မ၊ ၁၃း၃၃)။ ထိုအရာ၌ လွတ်မြောက်မျှ၏အကြောင်းအရာကိုတွေ့ရသည်။ ၁ကော၊ ၁၁တွင် ဝိုင်အရက်ကို သခင်ဘုရား၏ညစာ၌ အသုံးပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အချို့က သောက်လာကြလို့ဖြစ်သည်။ ထိုဝိုင်ကိုစောင့်ထိန်းကြရန် ဤကျမ်းပိုဒ်တွင် ရှင်းလင်းထားပါသည်။ သီသြော်လော်ဂျီ သုံးသပ်ချက်အရ၊ ကျမ်းပိုဒ်တွင်ဖော်ပြချက်အမြဲတမ်း ရှင်းလင်းမှုမရှိဘူး။ မည်သို့ဆိုစေ–တကယ်လုပ်ဖို့ဖြစ်သည်။(သို့သော် စဉ်းစားဆင်ခြင်ရန် က၊ ၂၇း၂၈၊ ဟေ၊ ၂၅း၆–၉၊ ရော၊ ၁၄း၂၁)တဆေးမဲ့မုန့်အားဖြင့် ထိုအရာသည် လွတ်မြောက်မှု၏အကြောင်းအရာတခုလိုထင်စေဖို့ အသင်းတော်တိုင်းဆုံးဖြတ်ရန် ဖြစ်သည်။

## “မယုံကြည်သူများ” (Unbelievers)

မယုံကြည်သူများကို သခင်ဘုရား၏ညစာစားပွဲတွင် ပါဝင်ဆင်နွှဲရန် အခွင့်မပြုသင့်ပါ။ သခင်ဘုရား၏ ညစာသည် အထွဋ်အမြတ်တနိုးထားအပ်သောအရာတခုအဖြစ် ပဋိညာဉ်အစားအစာအရာမှာ ယုံကြည်သူများ၌သာရှိသည့် အလွန်အရေးပါသောအရာဖြစ်သည်။ ယုံကြည်မှုမရှိလူတွေအတွက် ဗိုက်ပြည့်စာမျှသာဖြစ်သည် ၁ကော၊ ၁၄း၂၃–၂၅)တွင် ထိုကိစ္စကို ရှင်းလင်းသည်မှာ ထိုမယုံကြည် သူများလည်းအသင်းတော်အစည်းအဝေး၌တခါတရံတက်ကြလိမ့်မည်။ သူတို့လည်း ယုံကြည်သူတွေလိုပဲဗိုက်ဆာလာမည်။ သို့ဖြစ်၍ အတူစားရန်သူတို့ကိုခေါ်ဘိတ်ပါ။ သူတို့ကိုယေရှုချစ်သည်။ “ဘုရားသခင်၏ည” သည် ယုံကြည်သူများအတွက်သာ ပြုမူဆောင်ရွက်ဖွယ်ရာဖြစ်ပြီး၊ မိမိနှင့်မထိုက် တန် မအပ်စပ်လျှင် ပြောဆိုရန် အန္တရာယ်ရှိသည်။(၁ကော၊၁၁း၂၇–၃၂)။ ခွက်တစ်ခုနှင့်မုန့်တစ်လုံးကိုစောင့်ထိန်းရမည်။ အကယ်၍ မိဘမှ ဘာသာခလေ့အရ မကြည်နိုင်သေးသည့် ကလေးသူငယ်ကိုပေးမိလျှင် သခင်ဘုရား၏ယူဆချက်အရ အကျင့်စရိုက်တူ သူနီးလာကပ်မည်ဖြစ်သည်။

## “သိက္ခာတော်ရဘုန်းကြီး” (Ordained Clergy)

အချို့သောယုံကြည်သူများကသခင်ဘုရား၏ စားပွဲ၌ဝတ်ကြီးဝတ်ငယ်များကို သိက္ခာတော်ရ ဘုန်းကြီးဖြစ်မှသာ၊ တာဝန်ယူဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်တတ်ကြသည်။ ဓမ္မသစ်ကျမ်းကအလားတူ လိုအပ်ချက်မျိုးမပြုပေးခဲ့ပါ။ အမှန်အားဖြင့်၍အခွင့်ထူးခံဘုန်းကြီးလို လူတန်းစားရှိသည့် အယူအဆသည် ကျမ်းစာမှလုံးဝမရှိဘဲ တမန်တော်တို့၏ အစဉ်အလာကိုပါ တိုက်ရိုက်ဆန့်ကျင်သွားသည်။ အသင်းတော်မှာထင်ရှားစွာရှိသည့် အရာကတော့ “ခေါင်းဆောင်” ပါပဲ (အချို့သောအသင်းတော်လူကြီးအဖြစ်)သို့သော်ထိုသူတို့၌ ဘုန်းကြီးဆန့်ကျင်ဆက်သာမန်လူ ဟူ၍ အမျိုးအစားခွဲခြားခြင်းများမရှိပါ။

ဒုတိယမိ၊ ဓမ္မသစ်ထဲတွင် အမြဲဆင်ခြင်သုံးသပ်ထားသည့် အသင်းတော်အစည်းအဝေးတစ်ခု၏ ပုံမှန်ရည်ရွယ်ချက်မှာ သခင်ဘုရား၏ညစာကိုသုံးဆောင်ရန်ဖြစ်သည်။ တမန်တော်ဝတ္ထု၊၂ဝး၇ တွင် ရှင်လုကာဖော်ပြထားသည့် ထိုရက်သတ္တတစ်ပတ်၏ပထမနေ့၌ ကျွန်ုပ်တို့သည်မုန့်ကိုဖဲ့ရန်အတူတကွ လာရောက်ခဲ့ကြသည်။ “စားရန်” စကားလုံးကို တမန်၊၂ဝး၇ တွင်ရောင်ပြန်ဟပ်သည့် ကြိယာတစ်ခု၏အခြေခံ telie တစ်ခုအဖြစ်အဘယ်အရာကိုသိခဲ့သနည်း။ ရည်ရွယ်ချက်(သို့)ဦးတ်ချက်တစ်ခု၏ ထိုသင်္ကေတပင်ဖြစ်ဖြစ်သည်။ သူတို့၏အစည်းအဝေးသည် အသားတုံးတစ်ခုဖြစ်ခဲ့သည်။ ဓမ္မသစ်ကျမ်း၏အခြားသောနေရာရှိအသင်းတော်စုဝေးခြင်းတစ်ခုအတွက် ထိုဦးတည်ချက်ကို ၁ကော၊၁၁း၁၇–၂၂ တွင်ဖော်ပြသည်ကိုတွေ့ရှိရသည်။ သူတို့၏အစည်းအဝေးများ (၁၁း၁၇) သူတို့သည် အတူတကွစုဝေး လာကြသောအခါ ကောင်းသောဘုရားကျောင်းအဖြစ်ထက်ပို၍အန္တရာယ်ပြုလုပ်လျှက်ရှိကြသည်။ (၁၁း၁၈အေ)သူတို့၌ကွဲပြားခြားနားမှုများနက်ရှိုင်းစွာရှိခဲ့ကြောင်းကို ရှင်ပေါလုက “သင်တို့အတူတကွလာကြသောအခါ ထိုသင်တို့စားသောက်သည့်အရာသည် သခင်ဘုရား၏ ညစာမဟုတ်” ဟုရေးစသားခဲ့သည်(၁၁း၁၈ဘီ)။ မည်သို့ပင်ဖြစ်စေ၊ အများအားဖြင့်၎င်းတို့ အသင်းတော်အစည်းအဝေး၏မူလအကြောင်းတရားမှာ သခင်ဘုရား၏ညစာကိုစားရန် ဖြစ်သည်။ ဝမ်းနည်းစရာမှာ သူတို့၏ညစာကိုတလွဲအသုံးချမှုဖြစ်ပါသည်။ ထိုရန့်ရင်းကြမ်းတမ်းသောအရားများ ကွယ်ပျောက်ပြီးမှသာ ဘုရား၏ညစာ၌ပါဝင်သင့်သည်။ သို့သော်လည်း အပတ်စဉ်တိုင်းမှာ ညစာစားပွဲကိုကျင်းပရန် ထိုသူတို့သည် တရားဝင်စုဝေးခဲ့ကြသည်။

တတိယနှင့်နောက်ဆုံး အစုအရုံးတစ်ခုအတွက်အဓော့ဂင်းတရားကိုးကားချက်တစ်ခု တည်ရှိသည့်နေရာမှာ ၁ကော၊ ၁၁း၃၃ တွင်တွေ့ခဲ့ရာ၌ ရှင်ပေါလုက “သင်တို့စားအံ့ခြင်းငှါ စည်းဝေးသောအခါတစ်ဦးကိုတစ်ဦးအတွက် ငံ့လင့်ကြလော့။” ရေးမစွက ထိုအကြောင်းတရားကိုဖော်ပြရာတွင် သူတို့သည် အတူတကွလာရောက်၍စားသောက်ရန်ဖြစ်သည်။ ယုတ်စွအဆုံး တောင်ပို့တစ်ခုထက် တောင်ကြီးတစ်ခုကဲ့သို့ ပေါ်ထွက်လာသည်။ ထိုနားလည်သဘောပေါက်သင့်သည့် အရာမှာ အပတ်စဉ်အသင်းတော်အစည်းအဝေး၌ ပုံမှန်ပြုနေကျအရာတစ်ခု၏ ထိုဦးတည်ချက်မှ မည်သည့်ကျမ်းပိုဒ်အားဖြင့် သွေဖီနိုင်စရာအကြောင်းလုံးဝမရှိပါ။

အတူတကွမိသဟာယဖွဲ့ခြင်းနှင့် ခွန်အားပေးတိုက်သွန်းခြင်းတို့ကြောင့် အသင်းသားတိုင်းပျော်ရွှင်ကြကာ အလား တူအလွန်များပြားသော စုရုံးမှုတစ်ခုဖြစ်လာသည်။ ထိုအရာသည်ခရစ်ယာန်တို့၏ တူညီသောအိမ်နီးနားချင်းဘဝ၏ ဘားမျဉ်းဖြစ်သည်။ ၎င်းသည် စစ်မှန်ပျော်ရွှင်စေသောအစာ သို့မဟုတ် ပျော်ရွှင်စရာကောင်းသောအချိန်နာရီဖြစ်သည်။ ၎င်းအချိန်သည်ယုံကြည်သူများအတွက်ခန္ဓာကိုယ်တစ်ခုသဖွယ်စည်းလုံးမှုရှိစေရန် ဘုရားသခင်သည် ထိုသို့အသုံးပြုသည်။ အသင်းတော်အစည်းအဝေးတွင် ကတိုက်ကရိုက်လုပ်ဆောင်နှင့် ပြန်လည်လူစားထိုးခြင်းရှုထောင့်အမြင်မျိုးမရှိသင့်ပါ။ ကျိန်းသေသင့်တော်သော ထို ၁ကော၊၁၄ ၌လည်းပဲ စုစည်းခြင်း၏(အပြန်အလှန်အကျိုးပြုသွန်သင်ခြင်းအကျိုး၊ ဝတ်ပြုကိုး ကွယ်ခြင်း၊ သီဆိုခြင်း၊ သက်သေခံခြင်း၊ ဆုတောင်းခြင်းစသဖြင့်)အဆင့်ဆင့် ပြောင်းလဲခြင်းတခုရှိသည်။ သို့သော် အပတ်စဉ်သခင်ဘုရား၏ညစာအတွက်မသုံးဖြုန်းရပါ။

## “လက်တွေ့ကျသောစာနာထောက်သားမှု” (Practical consideration)

သခင်ဘုရား၏ညစာကိုပြည့်ဝသော အစာတခုအဖြစ်လက်တွေ့ကျင့်သုံးခြင်းသည် အသင်းတော်အားကြီးမားသော ကောင်းကြီးဖြစ်သည်ဟု ယနေ့နည်းလမ်းတခုလိုဖြစ်လာနိုင်သည်။ ဤနေရာတွင် အချို့လက်တွေ့ကျသော စာနာထောက် ထားမှုနှင့်ပတ်သက်၍၎င်း၏ကရိယာတန်ဆာပလာဖြစ်စေသည်။

## “သဘောထား” (Attitude)

အသင်းတော်သည် အသေအချာနားလည်သဘောပေါက်စေရန် အပတ်စဉ်စုရုန်းခြင်းအတွက်၊ အဓိကကျသော ဦးတည်ချက်မှာ ထိုသခင်ဘုရား၏ညစာပင်ဖြစ်သည်။ ထိုအရာသည် စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်လည်းမရှိပါ။ ဝတ်ပြုကိုး ကွယ်ခြင်း၏အချို့ပုံစံ၌သာမညဖြစ်သည်အရာလည်း မဟုတ်ပါ။ အားလုံးသောအသင်းတော်ပင်လျှင်လေ့ရှိသည်။ ထိုအပတ် ၌ အစည်းအဝေးတခုရှိခြင်းအတွက် ထိုမူလအကြောင်းတရားတခုကို ပြည့်စုံစေခဲ့သည်။

## “အစားအစာ” (Food)

အားလုံးသာဖြစ်နိုင်လျှင် ထိုအစာကိုတလုံးတဝဖြစ်စေပြီး ဝေငှခြင်း၏ဦးတည်ချက်သည် စားရန်ဖြစ်သည်။ မည်သည့်အရာမဆိုယူဆောင်ခဲ့ရသည်။များစွာပိုလွယ်သောအစားအစာ၏စီမံခန့်ခွဲမှုကို ဤသို့ပြုလုပ်ရသည်။ ဘုရားသခင် ၏ အချုပ်အခြာအာဏာပိုင်မှုကို ကိုးစားရာ၏အစီအစဉ်ပြီးသည့်နောက်၊ ပျော်ရွှင်မှုအတွက် အစားအစာအမြောက်အမြား ယူဆောင်လာနိုင်သော်လည်း ဝန်ထုပ်အချို့ကိုဖြစ်ပေါ်စေသည်။ တလုံးတဝအရာမှာ မည်သူထောက်ပံ့သည့် ပေါင်မုန့်တလုံး နှင့် စပျစ်ခိုင်ဖြစ်စေ၊ ကြိုတင်အစီအစဉ်ရှိသင့်သည်။ (အကျွန်ုပ်တို့၏ဘုရားကျောင်း၌မိသားစုသည်အမြဲတမ်းပဲအစည်းအဝေး ၏အိမ်ရှင်ဖြစ်လျှက်ဤအရာများကို ပံ့ပိုးလေ့ရှိသည်။)

## “ပေးကမ်းခြင်း” (Giving)

ကနဦးဓမ္မသစ်ပုံစံတခုမှာ အစာစားခြင်းကို ပွဲလမ်းသဘင်လိုပြုတတ်ကြသည်။ တခါတရံ အသင်းတော်တခုမှာ မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်တတ်သည့်အသက်တာရှိရန် အလွန်အရေးကြီးသည်။ မိသားစုတိုင်းက အချိန်နှင့်ငွေကိုသုံးပြီး သခင်ဘုရားထံပေးကမ်းလှူဒါန်းရန် မိမိတို့၏အစာကိုယူ ဆောင်လာခြင်းအပေါ်မှာ သူတို့၏မှန်ကန်မှု အစိတ်အပိုင်းတခု ဖြစ်စေသည်။ အပတ်စဉ်တိုင်းခွက်တခုထဲမှာ အလှူငွေတကြိမ်ထည့်ဝင်မှုနီးပါးမျှလောက်ထက် ပို၍သာလွန်ပါသည်။ သင်သည် အစာရောင်းသည့်စတိုးဆိုင်ကို သွားပြီးအကောင်းဆုံးသောအစားစာကို ဝယ်ခြမ်းခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင် သလို၊ ဤအရာကို အလှူငွေပူဇော်သက္ကာအဖြစ်ညစာစားပွဲသို့ယူဆောင်ခြင်းဖြစ်သည်။

## “နိဂုံး” (Conclusion)

ယခုထိုညစာ၏ဓမ္မသစ်ကျမ်းလာပုံစံမှာ ခေတ်မီသောအသင်းတော်များအတွက် အကျွန်ုပ်တို့သခင်၏ရည်ချက် သဘောတော်သည်ယနေ့ယုံကြည်သူများရင်ဆိုင်ကြုံတွေ့နေရသည့်နောက် ထပ်မေးခွန်းကို သင့်လျှော်စွာ ထူထောင် လျှက်ရှိခဲ့သည်။ သခင်ယေရှုသည် သူတို့၏လူတွေက သခင်ဘုရား၏ ညစာစားပွဲကျင်းပရန်အတွက် စိတ်နှ ရှိသလို၊ ယင်းနည်းလမ်းအတိုင်းဓမ္မသစ်ထဲ၌စားခဲ့ကြပါ၏လော၊ သို့တည်းမဟုတ် သူ့ကို စိတ်ဝင်စားမှုမပြုစေသည့် အကြောင်း တခုသာဖြစ်နိုင်မည်လော။ ကျွန်တော်တို့မှာ ရှိသည့်လွတ်လပ်မှုသည် မူရင်းညစာစားပွဲ၏ပုံစံဖြစ်သည့်စစ်မှန်သော မင်္ဂလာဆောင်ပွဲကြီးတခု အဖြစ်မှ သွေဖီဖို့ရန်ပြုနေသလော။ မဟုတ်တာတော့ သေချာနေပါသည်။ အဘယ့်ကြောင့်တဦးတ ယောက်သည် ခရစ်တော်၏လမ်းစဉ်နှင့်သူ၏တမန်တော်များသခင်ဘုရား၏ညစာကိုလက်တွေ့လုပ်ဆောင်ခြင်းမှ တွက်ခွာ သွားရန်အလိုရှိပါသလော။တမန်တော်များရှင်းလင်းစွာဖြင့် ကျေးဇူးပြုခံခဲ့ရသည်မှာ အသင်းတော်များသည် တမန်တော်တို့ ၏ ထုံးတမ်းစဉ်လာအရ၊ ကျင်းပသောအခါ (၁ကော၊ ၁၁း၂)နှင့် သူတို့ယင်းကဲ့သို့ ထိုအမိန့်ကိုတောင်မှ (၂ကော၊ ၂း၁၅)

အရ၊ လွန်စွာပြုလေ့ရှိသည်။ ကျွန်ုပ်၌ထိုမှ လမ်းခွဲရန်ခွင့်ပြုမှုမရှိသင့်ပါ။ အနှစ်ချုပ်လျှက် သခင်ဘုရား၏ညစာသည် ထိုအသင်းတော်အတွက်အခြေခံရည်ရွယ်ချက်မှာ သခင်ဘုရား၏နေ့ညတိုင်းစုရုံးကြရန်ဖြစ်သည်။ ပြည့်ဝသော အစာတခုအဖြစ်စားခဲ့ကြသည်။ သိုးသူငယ်၏မင်္ဂလာဆောင်ညစာစားပွဲကိုကိုယ်စားပြုသော ညစာနှင့် ဖြစ်လျှင်ရှေ့သို့ကြည့်ရန်ဖြစ်သည်။ ထိုအရာမှာ ပွဲတော်တခုအဖြစ် ပျော်ရွှင်မှုအတွင်း ရီမှောင်သောအရာတခုအတွင်း အသုဘစရိုက်လက္ခဏာ ပတ်ဝန်းကျင်မှာထက်သာ၍ မင်္ဂလာဆောင်ပွဲစရိုက်လက္ခဏာ ပတ်ဝန်းကျင်တွင် ပါဝင်ဆင်နွဲလာရန်ဖြစ်သည်။ ကြီးမားသော မင်္ဂလာဆောင်ပွဲတခုအဖြစ် ညစာ၏အဓိက အကျိုးကျေးဇူးတခုမှာ မိသာဟာဖွဲ့ခြင်းနှင့်ခွန်းအားပေးခြင်းအတွက် အဖွဲ့ဝင်တိုင်း၏ ဘဝပေးအတွေ့ အကြုံတို့အားဖြင့်ဖြစ်သည်။ ဤပြည့်ဝသောအစာ၏စကားလုံးအဆက်အစပ်အတွင်း၌ ထိုအရာခပ်သိမ်းပါဝင်ဆင်နွဲရန် ပေါင်မုန့်တလုံးနှင့်ခွက်တခုသာဖြစ်ရန်လိုသည်။ ဤအရာများသည် ခရစ်တော်၏ခန္ဓာ၊ အသွေး၊နှင့် ယေရှုခရစ်တဖန်ပြန်လည်ကြွလာရန် သူ့၏ကတိတော်အတွက် လုပ်ဆောင်အသိပေးရန် သူ၏ သင်္ကေတဖြစ်သည်။ ပေါင်မုန့်လုံးတခုကို အသုံးပြုရန် ယုံကြည်သူများခန္ဓာကိုယ်တခုမှာ စည်းလုံးခြင်း၊ သင်္ကေတမျှသာမဟုတ်ပဲ ယုံကြည်သူများ၏ ခန္ဓာကိုယ်တခုအထဲတွင်စည်းလုံး ညွတ်မှုဖြစ်ပေါ်လာရန် ထိုအရာကိုဘုရားသခင်အသုံးပြုနေသည်။